# ယဉ်ကျေးမှုဖလှယ်ခြင်းမှသည် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးသို့

သတင်းရင်းမြစ် >
အင်္ဂါနေ့၊ အောက်တိုဘာလ ၂၂ ရက် ၂၀၁၃ ခုနှစ် ၀၇ နာရီ ၃၃ မိနစ်

---

၂၁၊ ၁၀၊ ၂၀၁၃ ရက်က မြန်မာနိုင်ငံကို အိမ်နီးချင်းထိုင်းနိုင်ငံရဲ့ နာမည်ကြီး အဆိုတော် ကာရဘောင်း
ရောက်ရှိလာ
ခဲ့သည်။ မြန်မာနိုင်ငံ အားကစားဝန်ကြီးဌာနနှင့် ADMA Media Co., Ltd. ရဲ့ ဖိတ်ကြားမှုအစီအစဉ်နှင့်
ရောက်ရှိလာ
ခြင်းဖြစ်သည်။ အဆိုတော် ကာရဘောင်းသည် မြန်မာနိုင်ငံတွင် ကျင်းပမည့် ၂၇ ကြိမ်မြောက် ဆီးဂိမ်းအကြို
လှုံ့ဆော်ပွဲတွင် ပါဝင်ပူးပေါင်းဖျော်ဖြေရန်အတွက် ရောက်ရှိလာခြင်းဖြစ်သည်ဟု ယင်းနေ့တွင် ပြုလုပ်သည့်
ချက်ထရီယံဟိုတယ် သတင်းစာရှင်းလင်းပွဲတွင် ပြောဆိုခဲ့သည်။ အဆိုတော် ကာရဘောင်းမှာ ထိုင်းနိုင်ငံတွင်
လူကြိုက်အများဆုံး၊ ထိုင်းဘုရင်၏ ဂုဏ်ပြုမှုခံရသူ၊ ဘဝတိုက်ပွဲ သီချင်းများ၊ တိုင်းကျိုးပြည်ပြု သီချင်းများ
အစဉ်တစိုက် သီဆိုခြင်းဖြင့် ထင်ရှားသူအဆိုတော်တစ်ဦးပင် ဖြစ်သည်။ သူ့ကို မြန်မာနိုင်ငံ
တေးဂီတပရိသတ်က
လည်း ရင်းနှီးကြိုက်နှစ်သက်ပြီးလည်း ဖြစ်သည်။ ယခုကဲ့သို့ မြန်မာနိုင်ငံသို့
ယဉ်ကျေးမှုချစ်ကြည်ရေးလာရောက်
သည့် ထိုင်းအဆိုတော် ကာရဘောင်းနှင့်အဖွဲ့အား ကြိုဆိုအပ်ပါသည်။

မိမိတို့နိုင်ငံ၏ ပြုပြင်ပြောင်းလဲမှုများ စတင်အကောင်အထည်ဖော်သည့်အချိန်မှစတင်ကာ နိုင်ငံတကာအသိုင်း
အဝိုင်း၊ အထူးသဖြင့် အရှေ့တောင်အာရှနိုင်ငံများနှင့် နီးနီးကပ်ကပ်
ထိစပ်ပေါင်းကူးသည့်လုပ်ငန်းများသည်လည်း ကျွဲကူးရေပါဆိုသလို ဆောင်ရွက်လာနိုင်ခဲ့သည်ကို
တွေ့လာရပါသည်။ ပြီးခဲ့သည့် လအတွင်းတုန်းကလည်း ဩစတေးလျနိုင်ငံမှ Air Supply တီးဝိုင်းသည်လည်း
ရန်ကုန်မြို့သို့ ရောက်ရှိလာကာ မြန်မာနိုင်ငံဖွံ့ဖြိုးမှုမရှိသေး
သည့် ဒေသမှ ကလေးသူငယ်များ ပညာရေးလုပ်ငန်းများအတွက် ရန်ပုံငွေရှာဖွေသည့်ဖြေဖျော်မှုကို
ပြုလုပ်သွားခဲ့
ပါသေးသည်။ ထို့ပြင် အောက်တိုဘာလအတွင်းကလည်း အမေရိကန်နိုင်ငံမှ ပန်းပုဆရာ Roger Colombik
သည်လည်း မြန်မာနိုင်ငံ ဂီတမိတ်အဖွဲ့၏ ဖိတ်ကြားချက်အရ မြန်မာနိုင်ငံကို ရောက်ရှိလာခဲ့သည်။ သူကတော့
မြန်မာနိုင်ငံတွင် လူမျိုးဘာသာ ဆင်းရဲချမ်းသာ မခွဲခြားဘဲ လူအချင်းချင်းတန်းတူဆက်ဆံရေးအတွက် လူမှုရေး
လုပ်ငန်းလုပ်ဆောင်သည့် အဖွဲ့အစည်း ဖွဲ့စည်းဆောင်ရွက်နိုင်ရေးအတွက် ရောက်ရှိလာခြင်းဖြစ်သည်။

မိမိတို့တိုင်းပြည်သည် ယခင့်ယခင် ခေတ်များကတည်းက အိမ်နီးချင်းတိုင်းပြည်များ၊ ကမ္ဘာ့နိုင်ငံများနှင့်
ယဉ်ကျေးမှု
ပေါင်းကူးဆက်ဆံခဲ့သည့် သမိုင်းဆိုင်ရာ သက်သေများ အခိုင်အမာရှိသည့် တိုင်းပြည်ဖြစ်သည်။
ဥပမာအားဖြင့်ဆိုရ
လျှင် ပျူခေတ်နှင့် ပုဂံခေတ်က မြန်မာ့ယဉ်ကျေးမှုအဖွဲ့များသည် ဝေးလံသီခေါင်သည့်
တရုတ်ပြည်အတွင်းပိုင်းအထိ သွားရောက်ကာ ကပြဖြေဖျော်ခြင်း ယဉ်ကျေးမှုဖလှယ်ခြင်းများ
ပြုလုပ်ခဲ့ကြဖူးသည်။

ယခုလိုမြန်မာနိုင်ငံသို့ ရောက်ရှိလာကြသူ ကမ္ဘာ့အနုပညာရှင်အသီးသီးတို့၏ ရည်ရွယ်ချက်မှာ နိုင်ငံအချင်းချင်း
ယဉ်ကျေးမှုအရ ပူးပေါင်းဆောင်ရွက်ရေး၊ အပြန်အလှန်အကူအညီပေးရေး ရည်ရွယ်ချက်များဖြင့် လာရောက်ကြ
ခြင်းဖြစ်သဖြင့် ဝမ်းမြောက်ဝမ်းသာကြိုဆိုပါသည်။ မိမိတို့နိုင်ငံအနေဖြင့် ကမ္ဘာ့အသိုင်းအဝိုင်းအတွင်း
အရှိန်အဟုန်ဖြင့် ပြန်လည်ဝင်ရောက်လာနေခြင်းဖြစ်ကြောင်း ဖော်ပြရာလည်းရောက်သည်။အထူးသဖြင့်
လာမည့်
ဒီဇင်ဘာလတွင် ကျင်းပတော့မည့် ၂၇ ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပွဲနှင့် ၂၀၁၄ ခုနှစ်
အာဆီယံ
ဥက္ကဋ္ဌ အိမ်ရှင်အနေဖြင့် လက်ခံကျင်းပရသည့် အစည်းအဝေးများအတွက်၊ အာဆီယံစိတ်ဓါတ် (ASEAN Spirit)
ကို မြန်မာနိုင်ငံအနေနှင့် လက်တွေ့ကျကျ ပူးပေါင်းပါဝင် အားဖြည့်သည့် သဘောသက်ရောက်သည့်
ဆောင်ရွက်မှု
များလည်းဖြစ်သည်ဟု ယူဆနိုင်ပါသည်။